
စိတ်ကူးချိုချိုအနုပညာ

# ဖောင်ဒေး

အဝေးတစ်နေရာက
ထိတ်လန့်စရာကောင်းတဲ့ဖြစ်ရပ်

mgyoe.com

mgyoe.com



POEM0035
1,500.00 KS

Cover Design: Maung Day

mgyoe.com

အဝေးတစ်နေရာက ထိတ်လန့်စရာကောင်းတဲ့ဖြစ်ရပ်၊ မောင်ဒေး
မျက်နှာဖုံးနှင့် အတွင်းဓာတ်ပုံ - မောင်ဒေး
စာမျက်နှာ ၅၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အဝေးတစ်နေရာက ထိတ်လန့်စရာကောင်းတဲ့ဖြစ်ရပ်

မောင်ဒေး

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မောင်ဒေး ကဗျာ မာတိကာ


| | | |
|---|---|---|
| ၁။ | ကာရန်များ | ၃ |
| ၂။ | စတင်ခြင်း | ၅ |
| ၃။ | သူအိုးပါတဲ့အခါ တိမ်တွေထွက်ကျလာတယ် | ၈ |
| ၄။ | နိုင်ငံရေးသမားတွေသာ ငါးတစ်ကောင်ဖြစ်ခဲ့ရင် | ၁၀ |
| ၅။ | ဂျပန်နိုင်ငံကိုသူကြောက်တယ် | ၁၂ |
| ၆။ | အိပ်ချင်မူးတူး | ၁၅ |
| ၇။ | မြေကြီးကိုအစိမ်းရောင်သုတ်ပြီး ပန်းခြံထဲမှာ ငါကတယ် | ၁၆ |
| ၈။ | ရော့ခ်အင်ရိုးလ်နဲ့အပေါ်စားအရက် | ၁၈ |
| ၉။ | ပေါက်ပေါက်ဆုပ် | ၂၂ |
| ၁၀။ | ကဗျာရေးဖို့ နည်းလမ်း ၁၅ ခု | ၂၅ |
| ၁၁။ | အလည်လာသူ | ၃၀ |
| ၁၂။ | လှေကား | ၃၄ |
| ၁၃။ | မိုးပျံပူဖောင်းလေးများ | ၃၆ |
| ၁၄။ | အဝေးတစ်နေရာက ထိတ်လန့်စရာကောင်းတဲ့ဖြစ်ရပ် | ၃၈ |
| ၁၅။ | ဆရာဦးသာနိုးအိမ်သို့ အလည်သွားခြင်း | ၄၁ |
| ၁၆။ | ဆက်သွယ်ရေးကိရိယာ | ၄၂ |
| ၁၇။ | ကော်လာ့ဂျ် | ၄၄ |
| ၁၈။ | ပြည်သူ့အတွက်ကဗျာ | ၄၇ |
| ၁၉။ | ငါဖုန်းမက်ဆေ့ဂျ်ပို့လိုက်တယ် | ၄၈ |
| – | လက်ဆောင်ကဗျာများ | ၅၃ |
| ၂၀။ | သစ်သီးကိတ် | ၅၄ |
| ၂၂။ | ရေအောက်သစ်တောများ | ၅၆ |


❑

mgyoe.com

mgyoe.com

mgyoe.com

# ကာရန်များ

နေ့ခင်းကြောင်တောင်ကြီးမှာ ရေမပါတဲ့မိုးတွေရွာချ
အဲဒီမိုးကိုနာမည်တစ်ခုပေးဖို့ ငါစဉ်းစားရတယ်

နေမင်းကို ငါထွေးထုတ်လိုက်ချိန်မှာ ကြယ်တွေ လတွေက
ငါ့ရဲ့ခန္ဓာကိုယ်ထဲကို တစ်ဟုန်ထိုးဝင်လာကြတယ်

ကင်းစောင့်တဲ့လူဟာ ကင်းတဲပေါ်မှာ တစ်ညလုံးထိုင်ပြီး
နာရီတွေကိုဥတယ်၊ ဥထဲကနေ ကဗျာတွေ ပေါက်လာတယ်

ဖွင့်ထားတဲ့သီချင်းက တော်တော်နဲ့မဆုံးနိုင်ဘူး
တော်တော်ကြီးကြာမှ ဆုံးသွားတယ်၊ လူတွေမျက်ရည်ဝဲကြတယ်

ကဗျာဆရာတစ်ယောက်အဖြစ်နဲ့ အိမ်ကနေငါထွက်တယ်
မံမီတစ်ယောက်အဖြစ်နဲ့ အိမ်ကိုငါပြန်လာတယ်

mgyoe.com

ညကိုညဆီကနေ ငါပြန်လုယူခဲ့တယ်၊ လမ်းတွေဟာ
ယာဉ်တိုက်မှုတွေကို ကိုယ်ဝန်ဆောင်ရင်း ကျန်ခဲ့တယ်

ရော့ခ်ဂီတအဖွဲ့တစ်ခုကို ငါတည်ထောင်တယ်၊ အိပ်မက်ထဲမှာ၊
ငှက်တွေနဲ့၊ ပြီးတော့ ကျားတွေနဲ့

မြစ်ရဲ့ဒီဘက်နဲ့ဟိုဘက်ကိုထိပြီး ငါလှဲအိပ်လိုက်တယ်
လူတွေကငါ့ကိုခေါ်တယ်၊ သေမင်းတမန်တံတားတဲ့

ဘိလပ်မြေတွေကိုစားပြီး ငါအန်တယ်၊ မောင်ဒေး
ထွက်လာတယ်၊ မောင်ဒေးကို ငါစားလိုက်တယ်

ကားမှတ်တိုင်ဟာ ကောင်းဘွိုင်တစ်ယောက်လိုထိုင်နေတယ်
ဆာဂျီယိုလီယွန်ပျော်ပါစေ၊ တာရန်တီးနို မာပါစေ

ဝက်အစုံသုပ်ပန်းကန်ဟာ အချစ်ကိုခံစားဖို့ အသင့်ဖြစ်နေတယ်
ဝွန်ကာဝေ မာပါစေ၊ ထရူးဖိုး ပျော်ပါစေ

ခရီးဆောင်အိတ်ကြီးတစ်လုံးကို ငါဝယ်လာခဲ့တယ်
ငါ့ရဲ့သွေးထဲမှာ လင်းပိုင်တွေကူးခတ်သွားကြတယ်

*Sergio Leone
*Quentin Tarantino
*Wong Kar Wai
*Francois Truffaut

mgyoe.com

# စတင်ခြင်း

(၁)

Antibiotic ရဲ့စတိတ်ရှိုးပွဲတစ်ခုမှာပေါ့၊ တစ်စုံတစ်ယောက်က ဘီယာထဲကို တစ်စုံတစ်ခု ထည့်လိုက်ပုံရပါတယ်၊ ဘီယာတွေ အစိမ်းရောင်ဖြစ်သွားတယ်၊ သောက်မိသူတွေဟာ မျက်လုံးတွေ အစိမ်းရောင်ဖြစ်ကုန်တယ်၊ ကိုင်ဇာတင်မုံက ဆိုတယ် ငါတို့ဟာ မြေကြီးကနေ လာတယ်၊ တီကောင်ရဲ့ မစင်ကနေ လာတယ်၊ ဒီတိုင်းပြည်ကို ငါတို့ဖျက်ဆီးမယ်၊ ပြီးရင် ဒီတိုင်းပြည်မှာ ဒီမိုကရေစီကိုထားခဲ့ပြီး တီကောင်တွေဆီကို ငါတို့ပြန်သွားကြမယ်တဲ့

mgyoe.com

 mgyoe.com



(၂)

ကောင်လေးတစ်ယောက် နယ်ကနေတက်လာတယ်၊
သူ့ရဲ့ခန္ဓာကိုယ်ကိုမကြိုက်လို့ အစိတ်အပိုင်းတစ်ခုချင်းစီကို
လမ်းမှာ ပြောင်းလာခဲ့တယ်၊ သူ့ရဲ့လည်ချောင်းကို
ဆွဲဆုတ်လိုက်တာ သူ့ရဲ့အသံက အသစ်ဖြစ်သွားတယ်၊
မျက်နှာကိုဆွဲဆုတ်လိုက်တော့ မျက်နှာအသစ်ကို
ရသွားတယ်၊ ပြီးတော့ ခြေထောက်တွေ လက်တွေပေါ့၊
တင်ပါးကိုဆွဲဆုတ်လိုက်တာ စအိုပေါက်လည်း
အသစ်ဖြစ်သွားတယ်၊ ပြီးတော့ သူ့ကိုယ်သူ
နာမည်အသစ်မှည့်ခေါ်ပြီး မြို့ထဲကို ရင်ကော့ဝင်လာတယ်

mgyoe.com

mgyoe.com

(၃)

ဘောဘောတို့ရဲ့တစ်အိမ်ကျော်မှာ ရှေ့နေတစ်ယောက်
နေတယ်၊ အဲဒီရှေ့နေဆီကို ဝိညာဉ်တစ်ခုက
အမှုလာအပ်တယ်၊ ရှေ့နေက အမှုကိုလက်ခံပြီး
တရားရုံးကိုလျှောက်တယ်၊ တရားရုံးက ဆုံးဖြတ်တယ်၊
ဒီအမှုသည်က ဝိညာဉ်ဆိုတော့ ရှေ့နေတွေ၊
တရားသူကြီးတွေလည်း ဝိညာဉ်တွေဖြစ်မှရမယ်၊
တရားခွင်ကို ညဘက်ကျမှ ကျင်းပလို့ရမယ်၊
ဒါမှလည်း ဝိညာဉ်ပရိသတ်ပါ လာနားထောင်နိုင်မှာပေါ့တဲ့၊
ကလေးတွေ ညဘက်ထွက်ကစားတဲ့အခါ
မိဘတွေက တားကြတယ်၊ တရားရုံးကိုလာတဲ့
သရဲတွေနဲ့တွေ့လိမ့်မယ်ပေါ့၊ ကလေးတွေကပြန်ပြောတယ်၊
အဲ့ဆို ကျွန်တော်တို့ရဲ့အဘိုးအဘွားတွေကို ပြန်တွေ့ရမှာပေါ့။
ဒါဆို ပျော်စရာကြီးပေါ့တဲ့၊ အခုခေတ်ကလေးတွေကို
သွားမခြောက်နဲ့၊ သူတို့ဘာကိုမှ မကြောက်တတ်ကြဘူး

mgyoe.com

# သူအီးပါတဲ့အခါ တိမ်တွေထွက်ကျလာတယ်

mgyoe.com

သူဟာ ကျွန်တော်တို့ရဲ့ အိပ်မက်သေတ္တာထဲက လူပေါ့
သူဟာသပြောပြီဆိုရင် တစ်လောကလုံးရယ်တယ်
သူက ဈေးလည်းရောင်းတတ်တယ်၊
သူ့အပြောကောင်းလို့
အရိုးခေါင်းတွေတောင် သူ့ဆီကနေ တုတ်ချောင်းတွေဝယ်သွားတယ်
သူရောင်းထားတဲ့ကွန်ဒိုတွေမှာ သိုးတွေတက်နေကြတယ်
သူဟာ ပုလဲတွေထည့်ထားတဲ့အထုပ်ကြီးထမ်းပြီး ကမ္ဘာပတ်သူပေါ့
သူတစ်ထောက်နားတဲ့နေရာတိုင်းမှာ တိုင်းပြည်တစ်ခု ပေါက်ဖွားတယ်
ချောင်းတစ်ခုရောက်ရင် သူရေတစ်ခါချိုးတယ်
ကလေးတွေကို စစ်ပွဲမှာဆုံးရှုံးခဲ့ရတဲ့မိခင်တွေက သူနဲ့အတူရေချိုးတယ်
သူ့ရဲ့ပုံတူကို သဲပွင့်တစ်ပွင့်စီတိုင်းမှာ ရေးဆွဲထားတယ်
သူအီးပါတဲ့အခါ တိမ်တွေထွက်ကျလာလို့ လူတွေကရယ်တယ်
လူတွေက မြေကြီးကိုခေါင်းနဲ့ထိပြီး လမ်းလျှောက်တဲ့နေ့မှာ သူသေတယ်
အဲဒီနေ့ကစလို့ ကျွန်တော်တို့တစ်တွေ မရယ်ကြရတော့ဘူး

mgyoe.com

 mgyoe.com 

## နိုင်ငံရေးသမား[illegible]သော ငါးတစ်ကောင်ဖြစ်ခဲ့

mgyoe.com

နိုင်ငံရေးသမားတွေသာ ငါးတစ်ကောင်ဖြစ်ခဲ့ရင်
ကြောင်တွေဟာ ငါးမစားတော့ဘဲ အရက်ဆိုင်ပဲထိုင်ကြမှာပေါ့
ရေကန်ပေါ်ကလေညင်းဟာ ကန်ဇရိယာထဲကမထွက်ဘဲ
ရေမျက်နှာပြင်ပေါ်မှာပဲရပ်တန့်နေတော့မှာပေါ့
နိုင်ငံတစ်နိုင်ငံဆိုတာ လည်မျိုကြီးတစ်ခုပဲဖြစ်တယ်
အဲဒီလည်မျိုကြီးကို ဓားနဲ့ခွဲပစ်ပလိုက်၊ ထွက်ကျလာမယ့်
ငါးတွေကို ကလေးငယ်တစ်ယောက်လို ထိုင်ငေးနေလိုက်
နိုင်ငံရေးသမားလုပ်ရမယ်ဆိုရင်တော့ တောကိုပြန်ပြီး
သံချေးတက်နေတဲ့ ဘီစကွတ်ပုံးကိုပဲ လေးငါးနှစ်လောက်
ထိုင်ဖွင့်နေလိုက်မယ်၊ ခေါင်းပေါ်မှာပျံသန်းသွားတဲ့ လေယာဉ်တွေကို
နောက်ထပ်လေးငါးနှစ်လောက် ထိုင်ရေတွက်နေလိုက်မယ်
သေသွားတဲ့ငါ့ရဲ့အဖေက နောက်ဖေးခန်းကနေထွက်လာပြီး
ဧည့်ခန်းရဲ့အလယ်တည့်တည့်မှာ လဲလျောင်းလိုက်တယ်
နိုင်ငံရေးသမားတွေသာ ငါးတစ်ကောင်ဖြစ်ခဲ့ရင်
လက်ရှိငါးတွေအားလုံးဟာ ကန်ထရိုက်တိုက်တွေ ဖြစ်ကုန်မှာပဲလို့
အဖေက ညည်းညူရင်း ခေါင်းကိုတစ်ဘက်စောင်းလိုက်တယ်

mgyoe.com

mgyoe.com



# ဂျပန်နိုင်ငံကိုသူကြောက်တယ်

mgyoe.com

ဩစတြေးလျနိုင်ငံကိုလည်း သူကြောက်တာပဲ
ကားပေါ်ကနေ လူတစ်ယောက်ဆင်းသွားပြီးတိုင်း
ကားထဲမှာကျန်ခဲ့တဲ့အနံ့ကိုလည်း သူကြောက်တယ်
ပိုက်ဆံအိတ်နဲ့ ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲထည့်၊
အိမ်အပြင်ကိုထွက်ခဲ့ပြီးမှ ဘယ်သွားရမှန်းမသိ
ဖြစ်ရတာကိုလည်း သူတော်တော်လေးကြောက်ပါတယ်
ဘာကြောင့်ရယ်တော့မဟုတ်ဘူး၊ ဒါပေမဲ့ ကြောက်တယ်
ဒါကြောင့် အိမ်ပေါ်ပြန်တက်ပြီး ဆိုဖာပေါ်မှာထိုင်ချလိုက်တယ်
အဲဒီမှာ သူငယ်ချင်းမှန်ကြီးရောက်လာပြီး ပြောတယ်
'သူတို့က ကောင်လေးကိုချစ်သူ့စမ်းချောင်းဘက်ခေါ်သွားကြတယ်
ချစ်သူ့စမ်းချောင်းကို မင်းမှတ်မိသေးတယ်မဟုတ်လား
ချစ်သူစုံတွဲတွေ သွားသွားထိုင်တတ်တဲ့နေရာလေ
စိုးကြီးရဲ့ကြက်ဖကို ရိုက်သတ်ပြီး ငါတို့ဟင်းချက်စားခဲ့တဲ့ နေရာလေ
အေး ကောင်လေးက သူတို့ကိုပြန်မေးတယ်
ကျွန်တော် ခင်ဗျားတို့ကို ဘာများလုပ်မိလို့လဲဗျာပေါ့

mgyoe.com

အဲဒီမှာ သူတို့က ပါလာတဲ့ဓားနဲ့ကောင်လေးရဲ့ လက်ချောင်းတွေကို
ဖြတ်လိုက်ကြတယ်၊ သွေးတွေလည်း မြင်မကောင်းဘူးပေါ့
နည်းမျိုးစုံနဲ့ညှဉ်းဆဲပြီး ကောင်လေးကို သတ်လိုက်ကြတယ်
သူတို့ထဲကတစ်ယောက်က ပါလာတဲ့ဖုန်းနဲ့ မနောရဲ့ ဗိုလ်အောင်ဒင်ကို
ဖွင့်ထားတယ်၊ ရပ်ကွက်ထဲကလူတွေက ကောင်လေးကိုလိုက်ရှာကြတယ်
နောက်တော့ ချစ်သူ့စမ်းချောင်းနားက တမာပင်အောက်မှာ
ရွက်လှပင်တွေ ထူးထူးခြားခြားပေါက်နေတာကို မြင်ကြရတယ်
ဒါပေမဲ့ အဲဒီနေရာကို တူးကြည့်တော့ အလောင်းကိုမတွေ့ဘူး
ဒါနဲ့နေဦးကွ၊ အလောင်းတွေက ဘယ်နှရက်ကြာရင် အနံ့စထွက်သလဲ'
ခဏနေတော့ မှန်ကြီးလည်း သူ့အိမ်ကနေပြန်သွားတယ်
ခွေးတွေကိုချစ်ပေမဲ့ ခွေးသန်းကိုတော့ သူကြောက်တယ်
ကားတွေရဲ့အမြန်နှုန်းကို စိတ်ကူးကြည့်မိပြီး သူကြောက်တယ်၊
ဘာကြောင့်ရယ်တော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ကြောက်တယ်

mgyoe.com

mgyoe.com


# အိပ်ချင်မူးတူး

ဟယ်လီကော်ပတာတွေက စာရွက်တွေကြဲချတတ်ပြီး
နွားအုပ်တွေက စာသင်ခန်းထဲဝင်လာတတ်လို့ ငါအိပ်တယ်
အဲကွန်းကိုဖွင့်လိုက်တော့ အသားစတွေထွက်ကျလာပြီး
ငှက်တွေက တီဗီထဲ တစ်ရှိန်ထိုးဝင်သွားကြလို့ ငါအိပ်တယ်
လမ်းမပေါ်မှာ အဝတ်ဗီရိုတွေပြည့်နှက်နေပြီး
ငါညစာစားတဲ့အခါတိုင်း လူစိမ်းတွေက ဝင်ဝင်စားတတ်ကြလို့
ငါ အိပ်တယ်၊ အဆောင်နေကျောင်းသားတွေက
သူတို့မရောက်ဖူးသေးတဲ့ လစ်ချင်စတိုင်းနိုင်ငံကို ငြီးငွေ့နေပြီး
လူမနေတဲ့အိမ်တွေကို သရဲခြောက်တတ်လွန်းလို့ ငါအိပ်တယ်၊
အရက်ဆိုင်တွေမှာ ဘီယာတွေကုန်ကုန်သွားတတ်ပြီး
ဘတ်စ်ကားတွေက မောင်းနေရင်း အင်ဂျင်တွေ ထွက်ကျတတ်လို့
ငါအိပ်တယ်၊ ထောင်ထားတဲ့ဂစ်တာတွေဟာ သူတို့ဟာသူတို့
တီးခတ်နေတတ်ပြီး လူ့ပါးစပ်တွေက ဆက်ဆိုဖုန်းတွေ
ဖြစ်သွားတတ်ကြလို့ ငါအိပ်တယ်၊
ဘေးအိမ်ကလူတွေ တခြားနေရာကိုပြောင်းသွားကြလို့
ပြီးတော့ ပြတင်းပေါက်မှာလာလာနားတဲ့ ကျီးကန်းတွေက
လူစကားပြောတတ်ကြလို့ ငါအိပ်တယ်ကွာ၊

mgyoe.com